စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စာအမှတ်----------
ရက်စွဲ----------
ငါးလုပ်ငန်းဦးစီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာန

**ညွှန်ကြားချက်အမှတ်- ၁ /၂၀၂၅**

၁၃၈၆ ခုနှစ် ၊ ပြာ သို လ ပြည့် ကျော် ၁၄ ရက်
ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်

အကြောင်းအရာ။ **မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါးဖမ်းကွက်များအား ငါးမဖမ်းရကာလ(Closed Season)နှင့် ငါးမဖမ်းရဧရိယာ(Closed Area) သတ်မှတ်ခြင်း**

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၂၂(ခ)နှင့် ပုဒ်မ ၂၃ တို့တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ငါး/ပုစွန်သားပေါက်ပွားသည့်ရာသီချိန်တွင် ငါးနှင့် သက်ရှိသယံဇာတများထိန်းသိမ်းနိုင်ရေးအတွက် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါးဖမ်းကွက်များအတွင်း ကမ်းဝေးငါးဖမ်းရေယာဉ်များအား ငါးမဖမ်းရကာလ(Closed Season)နှင့် ငါးမဖမ်းရဧရိယာ(Closed Area)များကို ဤညွှန်ကြားချက်ဖြင့် ထုတ်ပြန်လိုက်သည်။

၂။ မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော ကမ်းဝေးငါးဖမ်းရေယာဉ်များအားလုံးသည် အောက်ပါငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဧရိယာများအတွင်း ငါးဖမ်းဆီးခြင်းမပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) **ငါးမဖမ်းရကာလ(Closed Season)**

၂၀၂၅ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ဇွန်လ(၃၀)ရက်နေ့အထိ

(ခ) **ငါးမဖမ်းရဧရိယာ(Closed Area)**

(၁) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၀ မိနစ်(ငါးဖမ်းကွက်အမှတ် A1 မှ A20 အထိ၊ B1 မှ B10 အထိ)အတွင်းရှိ ငါးလုပ်ငန်းရေပြင် **(၁၈-၁၀-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၄ အပေါ် သက်ရောက်မှုမရှိစေရ)**၊

(၂) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၀ မိနစ်(ငါးဖမ်းကွက် B11 မှ B20 အထိ၊ C1 မှ C25 အထိနှင့် D1, D4, D5, D9, D10, D14, D15, D19, D20)အတွင်းရှိ ငါးလုပ်ငန်းရေပြင်၊

(၃) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၀ မိနစ်(ငါးဖမ်းကွက် D2, D3, D6, D7, D8, D11, D12, D13, D16, D17, D18, D21, D22, D23)အတွင်းရှိ ငါးလုပ်ငန်းရေပြင်၊

(၄) မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၅၈ စက္ကန့်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၃၀ မိနစ်(ငါးဖမ်းကွက် D24 မှ D29 အထိ၊ E1 မှ E25 အထိနှင့် F1 မှ F21 အထိ)အတွင်းရှိ ငါးလုပ်ငန်းရေပြင်၊

၃။ သို့ဖြစ်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူးများအနေဖြင့် မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအတွင်းရှိ အခြေပြုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ကမ်းဝေးငါးဖမ်းရေယာဉ်များအားလုံး၏ လုပ်ငန်းရှင်များအား အထက်စာပိုဒ် ၂ ပါ အချက်များကိုသိရှိပြီး တိကျစွာ လိုက်နာဆောင်ရွက်စေရေးအတွက် အသိပေးကြပ်မတ်ဆောင်ရွက်ရန် အကြောင်းကြားပါသည်။

ဝေလင်းမောင်
ညွှန်ကြားရေးမှူးချုပ်

**တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး**
**_____________တိုင်းဒေသကြီး/ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန**
**_____________မြို့**

**သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများသို့ ဆက်လက်ဖြန့်ဝေရန်။**

စာအမှတ်၊ ငလ/ဥပဒေ-၃/၂၀၂၅( ၆၉၃ )
ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ဆင်ရေးနှင့်သုတေသနဌာန၊ စစ်ဆင်ရေးဌာနခွဲ
ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)
ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့

တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့

တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့

တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့

အရှေ့တောင်တိုင်းစစ်ဌာနချုပ်

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်

ရန်ကုန်တိုင်းစစ်ဌာနချုပ်

အနောက်တောင်တိုင်းစစ်ဌာနချုပ်

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန

ညွှန်ကြားရေးမှူး( )၊ ငါးလုပ်ငန်းဦးစီးဌာန

| | |
|---|---|
| မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် | သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊မြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်များနှင့် အသင်းအဖွဲ့များသို့ ဆက်လက် ဖြန့်ဝေပေးနိုင်ပါရန် ပေးပို့ပါသည်။ |

မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း

တာဝန်ခံအရာရှိ(စုပေါင်းရုံး)၊ ငါးလုပ်ငန်းဦးစီးဌာန

ရုံးလက်ခံ

မျှောစာတွဲ